# သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့ နှစ် (ခ)

တမန်တော် ၂း၁–၁၁၊ ၁ ကောရိန္သု ၁၂း၃–၇၊ ၁၂–၁၃၊ ယောဟန် ၂၀း၁၉–၂၃

ဒီနေ့မှာ သာသနာတော်ကြီးမွေးဖွားလာတဲ့နေ့ကို ကျွန်ုပ်တို့ကျင်းပကြပါတယ်။ ကျွန်ုပ်တို့အားလုံးရဲ့မွေးနေ့ဖြစ်လို့ ဟက်ပီးဘတ်ဒေး လို့ နှုတ်ဆက်ပြပါစို့။ ပါစကားနက်နဲရာများဖြစ်တဲ့ ခရစ်တော်ဘုရားရဲ့ ဒုက္ခစရိယာခံတော်မူခြင်း၊ အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်း၊ ဗကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်း၊ နောက်တော့ တပည့်တော်ကြီးများအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားဆင်းကြွလာတော်မူခြင်း ဆိုတဲ့အရာများပြီးပြည့်စုံသွားခြင်းကို ကျွန်ုပ်တို့ကျင်းပကြပါတယ်။ ပါစကားရာသီလည်း ပြီးပြည့်စုံသွားခဲ့ပါပြီ။

များစွာသောကျွန်ုပ်တို့တွေဟာ ဒီကနေ့ ပထမကျမ်းမှာကြားနာခဲ့ရတဲ့အဖြစ်အပျက်နဲ့ ပို့ပြီးရင်းနှီးအကျွမ်းဝင်တဲ့သဘောဖြစ်ပါတယ်။ ဒီမှာတွေ့ရတာက ဂျူးလူမျိုးတွေရဲ့ ပါစကားပွဲတော်ပြီးနောက် ရက်ပေါင်း ၅၀ ဖြစ်တဲ့ ပင်တေကုတ်တေပွဲနေ့ အချိန်တမန်တော်ကြီးတွေဟာ အခန်းတခုထဲမှာစုရုံးနေတုံး ကျွန်ုပ်တို့အတွက်ကတော့ အီစတာပြီး ရက်ပေါင်း ၅၀ ပြီးတဲ့အချိန် သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းကြွလာပါတယ်။

သမ္မာကျမ်းစာနဲ့သက်ဆိုင်တဲ့အမှတ်လက္ခဏာတွေနဲ့ ပြည့်နှက်လျက်ရှိပါတယ်။ ပထမဦးစွာ လေပြင်းမုန်တိုင်းကဲ့သို့သောအသံဟာ သူတို့ရှိနေတဲ့အိမ်ကို လွှမ်းမိုးခဲ့တာကိုကြားနာခဲ့ရပါတယ်။ ဒီနေရာမှာ လေဆိုတာ ဂရိဘာသာစကား (နွိုင်းမာ) ဖြစ်ပြီး ဘုရားရဲ့ဝိညာဉ်တော်နဲ့သဘောသဘာဝတူပါတယ်။ ဘုရားရဲ့ဝိညာဉ်တော်ကို ရည်ညွှန်းပါတယ်။

တဖန်သူတို့ရဲ့အပေါ်မှာ လျှာပုံသဏ္ဍာန်မီးတောက်မီးလျှံဟာ ပေါ်လာပြီး သူတို့ရဲ့အပေါ်မှာတည်နေခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘုရားရှိနေတော်မူခြင်းကို သတိရစေပါတယ်။ ဘုရားသခင်ဟာ မိုးဇယ်နဲ့ မီးလောင်နေခဲ့တဲ့ခြုံထဲမှာ စကားပြောဆိုခဲ့တာကို သတိရစေပါတယ်။ တခါ၊ ကန္တာရထဲမှာ အီဇရာအဲလ်လူတွေ

လှည့်လည်သွားလာနေစဉ် ညအချိန်မှာ မီးတိုင်က သူတို့ကိုဦးဆောင်သွားခဲ့တာကို တွေ့ရပါတယ်။ အစိပ္ပယ်က ဘုရားဟာ သူတို့နဲ့အတူတကွ ရှိနေခဲ့တာကိုဖော်ပြပါတယ်။ အဲဒီမှာရှိနေတဲ့လူတွေဟာ ဝိညာဉ်တော်နဲ့ပြည့်ဝကြတဲ့သူတွေ ဖြစ်ကြပါတယ်။ ဝိညာဉ်တော်ဘုရား သူတို့နဲ့ရှိနေပါတယ်ဆိုပြီး ညွှန်ပြတဲ့အမှတ်လက္ခဏာကတော့ သူတို့ဟာ သီးခြားသောဘာသာစကားများနဲ့ ပြောဆိုနိုင်ခြင်းဘဲဖြစ်ပါတယ်။

ချက်ခြင်းဆိုသလိုဘဲ တမန်တော်ကြီးတွေဟာ ထွက်သွားပြီး လူတွေကိုစကားစတင်ပြောဆိုခဲ့ကြပါတယ်။ ဂျေရုဆလင်မြို့ဟာ ဂျူးလူမျိုးတွေနဲ့ မြေထဲပင်လယ်ကဒေသ့်သည်တွေ၊ အာရှမိုင်းနားကဒေသ့်သည်တွေ၊ အီဂျစ်၊ ဗမြောက်အာဖရိက၊ နောက်ပြီး ရောမမြို့ကဒေသ့်သည်တွေ ဂျူးလူမျိုးတို့ရဲ့ ပင်တေကုတ္တေပွဲတော်ကို ကျင်းပဘို့အတွက် ရောက်ရှိလာခဲ့ကြပါတယ်။ စာမတတ်ပေမတတ် ဂါလီလေအာက တမန်တော်ကြီးတွေဟာ သီးခြားသောဘာသာစကားတွေနဲ့ သူတို့ကိုစကားပြောဆိုခဲ့တာကို တွေ့ရတဲ့အခါ လွန်စွာပင်အံ့ဩ အံ့အားသင့်သွားခဲ့ပါတယ်။

အစိပ္ပာယ်ကရှင်းပါတယ်။ တမန်တော်ကြီးများ ကြေညာလိုက်တဲ့သတင်းစကားဟာ တကမ္ဘာလုံးအတွက်ဖြစ်ပါတယ်။ သီးခြားသော လူတစုအတွက်မဟုတ်ပါဘူး။ ကမ္ဘာဦးကျမ်း ၁၁း၁–၉ မှာတွေ့ရတဲ့အတိုင်းဘဲ ကောင်းကင်ကိုရောက်နိုင်ဘို့အတွက် လူတွေဟာ မြင့်မားတဲ့ဘေဘယ်တာဝါကြီးကို တည်ဆောက်ခဲ့ကြပါတယ်။ အဲဒီစိတ်မြင့်ထောင်လွှားခြင်းကြောင့် သူတို့ဟာ ဒဏ်ပေးခြင်းခံရပြီး တဦးနဲ့တဦးနားမလည်နိုင်တဲ့ သီးခြားသော ရှုပ်ထွေးသောဘာသာစကားတွေနဲ့ သူတို့တွေကွဲပြားသွားခဲ့ကြပါတယ်။ လူတွေဟာ မစည်းလုံးနိုင်ခဲ့ကြတော့ပါ။ ဒီကနေ့မှာတော့ အဲဒီလိုဖြစ်ခဲ့တာဟာ ပြောင်းပြန်ဖြစ်သွားပါတယ်။ လူတွေဟာ သတင်းစကားတွေကို ကောင်းစွာပြောဆိုနိုင်ခဲ့ပါတယ်။ ကောင်းစွာနားလည်ခဲ့ပါတယ်။ ဘုရားရဲ့အုပ်စိုးခြင်းအောက်မှာ လူတွေဟာ စည်းလုံးညီညွတ်စွာနဲ့ ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရပါတယ်။

ဒီနေ့ဧဝံဂေလိကျမ်းမှာတော့ တမန်တော်ဝတ္ထုထဲကနဲ့မတူတဲ့ တပည့်တော်ကြီးတွေရဲ့အပေါ်ကို သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာတဲ့ အကြောင်းကိုတွေ့ရပါတယ်။ ဒါကဘယ်အချိန်မှာလဲဆိုတော့ အီစတာတနင်္ဂနွေနေ့ရဲ့

ညနေပိုင်းအချိန်မှာဖြစ်ပါတယ်။ အခန်းတခုထဲမှာဖြစ်ပြီး အခန်းကိုအလုံပိတ်ထားတဲ့အချိန်ဖြစ်ပါတယ်။ အသေသတ်ခြင်းကိုခံခဲ့ရတဲ့ ခရစ်တော်ရဲ့ နောက်လိုက်နောက်ပါတွေဖြစ်တဲ့အတွက်ကြောင့် သူတို့လဲဘဲ ဖမ်းဆီးခြင်းကိုခံရမှာ ကြောက်ရွံ့ကြလို့ ပုန်းကွယ်နေကြတဲ့အချိန်ဖြစ်ပါတယ်။ ကြောက်ရွံ့ခြင်း၊ ထိန့်လန့်ခြင်း၊ စိုးရိမ်ခြင်းတွေဟာ သူတို့ကိုလွှမ်းမိုးနေတဲ့အချိန်ဖြစ်ပါတယ်။

အဲဒီလိုအခြေအနေမျိုးမှာ သခင်ဘုရားဟာ သူတို့ရဲ့အလယ်မှာရှိနေခဲ့ပြီး သူတို့ကို ငြိမ်သက်ခြင်းရှိပါစေ ဆိုပြီးနှုတ်ခွန်းဆက်ခဲ့ပါတယ်။ ဒီအချိန်မတိုင်မှီ နောက်ဆုံးသောညစာစားပွဲအချိန်မှာ ကိုယ်တော်ဟာ ငြိမ်သက်ခြင်းကိုတပည့်တော်ကြီးတွေအတွက် ထားပေးခဲ့မယ်။ တထူးတခြားသောငြိမ်သက်ခြင်းဖြစ်တယ်။ ဆိုပြီးမိန့်တော်မူခဲ့ပါတယ်။ ဘယ်ကိုမှာ မထွက်သွားတဲ့ငြိမ်းချမ်းသာယာမှုမျိုး၊ မည်သူတဦးတယောက်ကမှ အဝေးကိုယူဆောင်မသွားတဲ့ ငြိမ်းချမ်းသာယာမှုမျိုးကို သခင်ဘုရားသွန်သင်ဟောကြားခဲ့ပါတယ်။

အခုတော့ ကြောက်ရွံ့ထိန့်လန့်နေတဲ့ ကိုယ်တော်ရဲ့တပည့်တော်အဖွဲ့ထဲ အဲဒီငြိမ်းချမ်းခြင်းကို ကိုယ်တော်ယူဆောင်လာခဲ့ပါတယ်။ သခင်ဘုရားဟာ ကိုယ်တော်ရဲ့ ဒဏ်ရာဒဏ်ချက်များကို တပည့်တော်ကြီးများအား ပြခဲ့ပါတယ်။ ယုံမှားသံသယရှိစရာအကြောင်းမရှိပါဘူး။ ကားတိုင်တော်ပေါ်မှာအသေခံခဲ့သောခရစ်တော်၊ သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့သောခရစ်တော်ဖြစ်ပါတယ်။ ဒါကိုသိရှိလာပြီးတဲ့နောက် သူတို့ရဲ့ကြောက်ရွံ့တုန်လှုပ်ခြင်းဟာ မဖော်ပြနိုင်တဲ့ပျော်ရွှင်ခြင်းကို ပြောင်းလဲသွားခဲ့ပါတယ်။

အဲဒီကနေ ကိုယ်တော်က သူတို့အတွက် လုပ်ငန်းတာဝန်ကို ပေးအပ်ခဲ့ပါတယ်။ (အဖဘုရားသခင်သည် ငါ့ကိုစေလွှတ်တော်မူသကဲ့သို့ သင်တို့ကို ငါစေလွှတ်သည်) ။ သူတို့ရဲ့လုပ်ငန်းတာဝန်ဟာ သခင်ဘုရားရဲ့ လုပ်ငန်းတာဝန်နဲ့ အတူတူပါဘဲ။ ကိုယ်တော်လုပ်ဆောင်ခဲ့တဲ့အလုပ် သူတို့တွေ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ သူတို့အပေါ်သို့မှုတ်တော်မူ၍– ဆိုပြီးတွေ့ရပါတယ်။ မှုတ်တော်မူ၍ ဆိုတဲ့အဓိပ္ပာယ်က အသက်ကိုမှုတ်သွင်းတယ်

အသက်ကိုရရှိစေတယ် ဆိုတဲ့အစီပွာယ်ကို ဖော်ဆောင်ပါတယ်။
ဖန်ဆင်းခြင်းမှတ်တမ်းမှာ ဘုရားသခင်သည် ရေများပေါ်တွင်မှုတ်တော်မူ၏
ဆိုပြီးတွေ့ရပါတယ်။ တခါ ရွံ့နဲ့ပြုလုပ်ထားတဲ့ ပထမဦးဆုံးသောလူကို
မှုတ်ပြီးအသက်ကိုရရှိစေခဲ့တာကို တွေ့ရပါတယ်။ ဒီကနေ့မှာကျတော့
မိမိရဲ့တပည့်တော်ကြီးများအပေါ်သို့ မှုတ်တော်ပြီး အသက်အသစ်ကို ပေးတော်မူ၏–
အသစ်သောဖန်ဆင်းခြင်းကို သူတို့အားဖြစ်စေတော်မူ၏–
မိမိကိုယ်တော်တိုင်ရဲ့အသက်ကို သူတို့အား ပေးတော်မူ၏။

သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူလော့– ဆိုပြီးမိန့်တော်မူခဲ့ပါတယ်။ တခါ–
အကြင်သူ၏အပြစ်ကို သင်တို့လွှတ်လျှင် လွှတ်လျက်ရှိ၏= အကြင်သူ၏အပြစ်ကို
သင်တို့တည်စေလျှင် တည်လျက်ရှိ၏။ ဒါဟာ တပည့်တော်ကြီးတွေကို
ရိုးရိုးသောအာဏာကို ပေးလိုက်ရုံမဟုတ်ပါဘူး။ လူတွေကို
ဘုရားဆီပြန်လည်ပို့ဆောင်တဲ့အခွင့်အာဏာ သူတို့ကို ပေးလိုက်ခြင်းဖြစ်ပါတယ်။
ဘုရားနဲ့ပြန်လည်ကျေအေးဘို့–သူတို့အသက်တာရဲ့ အစမူလနဲ့အဆုံးဖြစ်တဲ့ဘုရားနဲ့
ပေါင်းစပ်ခြင်းကို အသစ်တဖန်ပြန်လည်ဖြစ်စေပါတယ်။ ဘယ်လိုသောသူတွေ
အပြစ်အခွင့်ချမ်းသာရရှိဘို့အတွက် အဆင်သင့်မဖြစ်သေးဘူးဆိုတာကိုလည်း
ဆုံးဖြတ်ပိုင်ခွင့်အာဏာ သူတို့အားပေးတော်မူခဲ့ပါတယ်။

ဒါဟာ သာသနာတော်ကြီးရဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ လူတွေကို
ခရစ်ယာန်အသင်းအဖွဲ့ထဲ သွင်းလိုက်တာ ပြောင်းလိုက်တာမျိုးမဟုတ်ဘဲ
ဘုရားရဲ့နိုင်ငံတော်ကို ဘုရားနဲ့အတူတကွ တည်ဆောက်ခြင်းဘဲဖြစ်ပါတယ်။
ဘုရားရဲ့နိုင်ငံတော်ဆိုတာ တကမ္ဘာလုံးက
ဖန်ဆင်းရှင်ဖြစ်တဲ့ဘုရားသခင်ရဲ့အုပ်စိုးခြင်းကို ခံယူခြင်းနဲ့ လူတွေဟာ
ဘုရားနဲ့ပေါင်းစည်းနိုင်ဘို့အတွက် မိမိတို့ရဲ့အသက်တာကို
ဘုရားဆီဦးတည်ခြင်းဖြစ်ပါတယ်။

ဒါဟာ တမန်တော်ကြီးများလုပ်ဆောင်ဘို့ သခင်ဘုရားပေးအပ်ခဲ့တဲ့
လုပ်ငန်းစဉ်ဖြစ်ပြီး ဒီလုပ်ငန်းစဉ်ဘဲ ကျွန်ုပ်တို့ကို ဆက်လက်ပြီးပေးအပ်ခဲ့ပါတယ်။
ဘုရားနဲ့ပြန်လည်ကျေးအေးပြီးတာနဲ့တပြိုင်နက်– သခင်ခရစ်တော်ဟာ
သူ့ရဲ့အရှင်သခင်အဖြစ် ကောင်းစွာခံယူလိုက်တာနဲ့တပြိုင်နက် ထိုသူဟာ
တခြားသူများကိုလည်း ပြန်လည်ကျေအေးစေဘို့ လုပ်ဆောင်သူဖြစ်လာပါတယ်။

ဒီကနေ့ဒုတိယကျမ်းမှာ ဘုရားဝိညာဉ်တော်ရဲ့ကျေးဇူးတော်များအကြောင်းကို ပြောပြပါတယ်။ တူညီတဲ့ကျေးဇူးတော်တွေကို ကျွန်ုပ်တို့ ရရှိကြတာမဟုတ်ပါဘူး။

၁ ကောရိန္သု ၁၂း၄၊၅၊၆၊–ဆုကျေးဇူးတော်အထူးထူးအထွေထွေရှိသော်လြားလည်း ဝိညာဉ်တော်တပါးတည်းရှိ၏။ ဓမ္မဆရာအမှု အထူးထူးအထွေထွေရှိသော်လြားလည်း သခင်တပါးတည်းရှိ၏။ ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေရှိသော်လြားလည်း ခပ်သိမ်းသောသူတို့၌ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တပါတည်းရှိ၏။

ကျွန်ုပ်တို့အားလုံး တူညီတဲ့အရင်းအမြစ်ကနေ အားအင်ကိုခံယူကြရပြီး တူညီတဲ့ပန်းတိုင်ကို ဦးတည်နေကြတဲ့သူတွေဖြစ်ကြပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ရှိနေတဲ့ ဝန်းကျင်အခြေအနေပေါ် မူတည်ပြီး မတူညီတဲ့အရည်အချင်းတွေနဲ့ စွမ်းဆောင်နိုင်ခြင်းတွေနဲ့ ထိုဦးတည်ချက်ပန်းတိုင်ဆီသို့ မတူညီတဲ့လမ်းကြောင်းတွေနဲ့ ရောက်အောင် ခရီးပြုနေကြပါတယ်။ အဲဒါနဲ့ပတ်သက်လို့ သံပေါလူးက–၁ ကောရိန္သု ၁၂း၁၂ မှာ– ကိုယ်တခုတည်း အင်္ဂါအများရှိသည်ဖြစ်၍ ထိုတခုတည်းသော ကိုယ်၏အင်္ဂါအပေါင်းတို့သည်  များလျက်နှင့် ကိုယ်တခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူခရစ်တော်ဖြစ်၏။

ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းအခုတိုင်းဟာ ခန္ဓာကိုယ်တခုလုံးရဲ့ကောင်းကျိုးအတွက်ဖြစ်ပါတယ်။ ဒီအသွင်သဏ္ဍာန်ဟာ ကျွန်ုပ်တို့ရဲ့အသင်းအဖွဲ့၊ ကျွန်ုပ်တို့ရဲ့သာသနာနယ်ပယ်တွေအထဲမှာ ပေါ်လွင်နေရမှာဖြစ်ပါတယ်။ တူညီတဲ့ဂုဏ်သိက္ခာကိုခံယူရရှိကြပြီး မတူညီတဲ့ခေါ်တော်မူခြင်းနဲ့ မတူညီတဲ့အစေခံခြင်းအသွင်သဏ္ဍာန် ရှိကြတဲ့သူတွေဖြစ်ပါတယ်။ ဒီပွဲနေ့မှာ–သာသနာတော်ကြီးတခုလုံးရဲ့ မစ်ရှင်ကို ကျွန်ုပ်တို့ကျင်းပရင်းနဲ့ ဘုရားက တထူးတခြားကျွန်ုပ်ကိုရွေးကောက်ပြီး ပေးအပ်တဲ့ လုပ်ငန်းတာဝန်အကြောင်းကိုလည်း ထောက်ရှုရင်းနဲ့ ကျွန်ုပ်တို့အသီးသီး ရှိနေတဲ့ဝန်းကျင်ရဲ့အခြေအနေနဲ့အသက်တာမှာ ဘုရားရဲ့နိုင်ငံတော်နှင့် ဘုန်းတော်ဂုဏ်တော်အတွက် ပါဝင် လုပ်ဆောင် အသက်ရှင်သွားကြပါစို့။ အာမင်။